ကျမ်းစာ၌ရှိအမျိုးသမီးများ

စံနာမူနာ( ၁ )
ဝေ၏အသက်၌ရှိ အသက်သင်ခန်းစာများ၏ သော့ချက်
မာတ်စ် လ၊ ၈ ၂၀၂၅ တွင် ညီမများ၏ မိတ်သဟာယဖွဲ့ခြင်း
ကျမ်းပိုဒ်များ၊ ၁ကော ၁၀:၁၁; ၁ပီတာ၃:၇; ၁တီ ၂:၁၄; ၁ကော ၁၁:၃; ၂ကော ၁၁:၃; က၃:၁-၇၊ ၁၅-၂၄

I. ကျမ်းစာ၌ရှိစံနမူနာများမှ သင်ခန်းစာများ သင်ယူရန်
A. ကျမ်းစာအုပ်သည် သူ့၏လူများအားဖြင့် ဘုရားသခင်၏ လှုပ်ရှားခြင်းစာအုပ်ဖြစ်သည်။ အကယ်၍ ကျနော်တို့သည် အသက်၊ သမ္မာတရားနှင့် စုံလင်ခြင်း၌ ပို၍ တိုးတက်လိုလျှင်၊ ကျနော်တို့ရှေ့၌သွားခဲ့ပြီးသူများ၏ တွေ့ကြုံခြင်းများနှင့်ရှုပါယုံorဖွင့်ပြခြင်းများမှတန်ဖိုးထားခြင်း၊ လက်ခံရရှိခြင်းနှင့်သင်ယူခြင်းများ ကျမတို့လုပ်သင့်ပါသည်။
B. ကျမ်းစာအုပ်သည် များစွာသောလူများ၏အသက်စာစောင် အတ္တုပတ္တိများ သို့မဟုတ် စံနမူနာများပြည့်ဝသောစာအုပ်ဖြစ်သည်။
C. ခေတ်တစ်လျှောက်လုံး၌ရှိသောသန့်ရှင်းသူများ၏ အတ္တုပတ္တိများဖတ်ရှုခြင်းအားဖြင့် ကျနော်တို့ကိုယ့်ကိုကိုယ် ကြွေးမွေးခြင်းနှင့် ထိန်းကျောင်း စောက်ရှောက်သောနည်းလမ်း၌တွေ့ကြုံမှုများပေးခဲ့သည်။
Witness Lee
ခေတ်များတစ်လျှောက်ရှိဘုရားသခင်၏ လူများ၏ အသက်သာသည် ကျုံနိုပ့်တို့ကို ကျွေးမွေးခြင်းနှင့်ကြွေးမွေး စောက်ရှောက်သောနည်းလမ်းများ၌ တွေ့ကြုံမှုများပေးခဲ့သည်။
D. စံနာမူနာများထံမှ ကျနော်တို့တွေ့မြင်၍တွေ့ကြုံခဲ့ပြီးသော အရာများကိုအနာဂတ် လူငယ်များထံသို့ လက်ဆင့်ကမ်းရန် ဖိုးထိုက်တန်သော အရာဖြစ်သည်။

II. ဝေ၏အသက်မူရင်းမှ အသက်သင်ခန်းစာများ သင်ယူရန်၊
A. ဝေသည် အာဒံကဲ့သို့ မြေမှုန့်မှဖန်ဆင်းခံခြင်းမဟုတ်ဘဲ၊ အာဒံ၏နံဘေးရိုးမှ တည်ဆောက်ခံခြင်းဖြစ်သည်။
B. ဝေသည် အာဒံမှဖြစ်ပေါ် ခဲ့ကြောင်း၊ ထို့ကြောင့် အာဒံမှအပ ဝေသည်တခြားမူရင်းအသက်မရှိခဲ့ပါ။ထိုနည်းတူစွာ၊ အသင်းတော်သည် ခရစ်တော်မှအပ တစ်ခြားမူရင်းအသက်မရှိခဲ့ပါ။ အသင်းတော်သည် ခရစ်တော်ကို သူမ၏အသက်၊ သဘောသဘာဝနှင့် အရာခပ်သိမ်းအဖြင့်ယူဆောင်သင့်သည်။
C. ဝေသည် အာဒံ၏အဖော်အဖြစ်ပြန်လည် ယူဆောင်ခဲ့သည်။ ခရစ်တော်၏အထဲမှထွက်ပေါ်သော၊ အသင်းတော်အဖြစ်ဖော်ပြ၍၊ သူ့ထံသို့သူ၏သတို့သမီးကဲ့သို့ ပြန်လည်အပ်နှံရန်၊ အသင်းတော်သည်၊ ပြင်ဆင်လျက်ရှိနေသည်။

III. ဝေသည် အားနည်းသောတန်ဆာဗလာဖြစ် ခြင်းမှ သင်ယူရန်သင်ခန်းစာများ
A. အမျိုးသမီးသည် အားနည်းသော တန်ဆာပလာဖြစ်ကြောင်း ကျမ်းစာပြောခဲ့သည်။(၁ပေ၃:၇). ဝေ၊ အားနည်းသောတန်ဆာပလာကဲ့သို့ဖြစ်ခြင်းသည်၊ အသင်းတော်သည် ခရစ်တော်၏ ကွယ်ကာခြင်းအောက်၌ အမြဲတည်နေရန် ရည်ညွှန်းခြင်းဖြစ်သည်။ အသင်းတော်သည် ခရစ်တော်မှ မှီခိုခြင်းမရှိဘဲလှုပ်ရှားသောအချိန်တွင်၊ ဝေသည် အာဒံမှမှီခိုခြင်းမရှိဘဲ ကိုယ်ပိုင်ရွေးချယ်မှုပြုလုပ်သကဲ့သို့ လှုပ်ရှားခြင်းသည် လှည့်ဖြားခြင်းခံနိုင်ဖို့ရန် အားနည်းမှုဖြစ်ပေါ်စေခြင်းဖြစ်သည်။
B. ကိုယ်တော်က စားပွဲများကို စာတန်ထံသို့ လှည့်ခဲ့သည်၊ သို့သော် မိန်းမ၏ မျိုးစေ့ကို အသုံးပြုခြင်းအားဖြင့် စာတန်သည်လက်ဝါးကားတိုင်၌ အနိုင်ယူခြင်းဖြင့် သူ့၏ရည်ရွယ်ချက်အတွက် လူပြန်လည်ရယူခဲ့သည်။

IV. ဝေ၏လုံးဝလှည့်ဖြားခြင်းခံခြင်းမှ သင်ခန်းစာသင်ယူရန်၊

A. ဧဝသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သံသယရှိရန် လှည့်ဖြားခြင်းခံခဲ့သည်။
စာတန်၏လှည့်ဖြားခြင်းနည်းလမ်းသည် မေးခွန်းများမေးခြင်းဖြင့် လူသည်ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သံသယရှိရန်ဖြစ်စေပါစေသည်။
B. သူမသည် ဘုရားသခင်၏ နှလုံးတော်ကို သံသယရှိရန် လှည့်ဖျားခြင်းခံခဲ့သည်။
ရှေးဟောင်းမြွေ၏ ဘုရားသခင်ကိုဆန့်ကျင်ခြင်း၏ သတ်ဖြတ်သောစကားလုံးပြောဆိုခြင်းဖြင့် ဧဝသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို နားလည်လွဲမှားစေပြီး ဘုရားသခင်၏ စိတ်နှလုံးတော်ကို သံသယရှိစေသည်။ ဤကဲ့သို့ စကားပြောခြင်းကြောင့် ဧဝ၏ ခံစားမှုကို အဆိပ်တက်စေ၍ ဘုရားသခင်ကို မနှစ်သက်ခြင်းဖြစ်စေပါစေသည်။ ယနေ့ထိတိုင်၊ လူများသည် ဘုရားသခင်၏ စိတ်တော်ကို နားလည်လွဲမှားစေသည်။ ( Gen. 3:4-5 ft.1)
C. သူမသည် ဦးခေါင်းအရပ်အရာခံယူစိတ်ရှိဖို့ရန် လှည့်ဖြားခြင်းခံခဲ့သည်။
မြွေဟောင်းအားဖြင့် ဧဝကိုလှည့်ဖြားခြင်း၏အကြောင်းရင်းသည် သူမသည် ဦးခေါင်းအရပ်အရာခံယူစိတ်ရှိဖို့ရန်ဖြစ်သည်။ အခြေအနေတစ်ခုခုဆက်ဆံဖြေရှင်းခြင်း၌ ကျနော်တို့သည် ဦးခေါင်းအရပ်အရာခံယူစိတ်ရှိသော အချိန်တိုင်းတွင်၊ ဘုရားသခင်၏ ဘုရားဆိုင်ရာအစီစဉ်တကျ ဦးခေါင်းအရပ်အရာထားရှိခြင်းကို ငြင်းပယ်ခြင်းဖြစ်၍၊ ကျနော်တို့သည် မုချအမှန် လှည့်ဖြားခြင်းခံ၍ စာတန်၏ ထောင်ချောက် အထဲသို့ ကျဆုံးသွားမည်ဖြစ်သည်။
D. သူမသည် လှည့်ဖြားခြင်း ခံခဲ့ပြီး၊ သူမ၏ဝိညာဉ်ကိုဘေးဖယ်ခံစေ၍ သူမ၏စိတ်ကိုလှေ့ကျင့်စေ၍ သူမ၏ ကိုယ်ခန္ဓာကို အသုံးပြုစေခဲ့ပြီး ဘုရားသခင်ကိုထိခိုက်နာကြင်စေခဲ့သည်။
ကျွန်ုပ်တို့၏နေ့စဉ်အသက်ရှင်ခြင်း၌ ကျွန်ုပ်တို့၏ဝိညာဉ်ကို ပထမဆုံး ကျနော်တို့အသုံးပြုသင့်သည့်၊ ထို့နောက်ကျွန်ုပ်တို့၏ စိတ်နှင့်ကိုယ်ခန္ဓာကို ကျွန်ုပ်တို့၏ဝိညာဉ်ကလမ်းပြဦးဆောင်ပါရစေ။
E. ဧဝ၏လှည့်ဖြားခံခဲ့ခြင်းနှင့်အာဒံ၏မနာခံခဲ့ခြင်းနဲ့အတူတကွ လူသားကျဆုံးခြင်းရလဒ်ဖြစ်ပေါ်စေခဲ့သည်။
စိတ်သည်ပျက်စီးယိုယွင်း၍ ထိန်းချုပ်ခြင်းခံခဲ့သည်၊ ကိုယ်ခန္ဓာသည် စာတန်၏ ဒြပ်သဘောသဘာဝထည့်သွင်းခြင်းခံခြင်းနှင့်ထိုသဘောသဘာဝအထဲသို့ ပြောင်းလဲသွားခဲ့သည်၊ ကိုယ်ခန္ဓာကို အသွေးအသားဖြစ်စေသည်၊ ဝိညာဉ်ကိုလည်းသေစေခဲ့သည်၊ ဘုရားသခင်နဲ့မိတ်သဟာယဖွဲ့ဖို့ရန်နှင့် ဆက်သွယ်နိုင်ဖို့ရန် စွမ်းရည်ကိုလည်းဆုံးရှုံးစေခဲ့သည်။
ကျဆုံးသောလူသားသည် အပြစ်နဲ့ဆက်စပ်ထုံးဖွဲ့ခဲ့သည်၊ စီရင်ခြင်းနှင့်ကျိန်ခြင်းအောက်၌ရှိခဲ့သည်၊ အသက်၏နယ်ပယ်၏ အပြင်ဘက်သို့ နှင်ထုတ်ခြင်းခံခဲ့သည်။

V. စကြဝဠာ၌ ဘုရားသခင်၏ စနစ်စီစဉ်မှုကို ဧဝ၏ ချိုးဖောက်ခြင်းမှ သင်ခန်းစာမျာသင်ယူရန်၊
A. ဘုရားသခင်က ဘုရားဆိုင်ရာ စနစ်တည်ထောင်ခဲ့သည်၊ ခရစ်တော်သည်ယောက်ျားတိုင်း၏ ဦးခေါင်းဖြစ်သည်၊ ယောက်ျားသည် မိန်းမ၏ ဦးခေါင်းဖြစ်သည်၊ နှင့် ဘုရားသခင်သည် ခရစ်တော်၏ ဦးခေါင်းဖြစ်သည်(၁ကော၁၁:၃)
B. စာတန်သည် ဘုရားသခင်၏ အုပ်ချုပ်မှုကို ပျက်စီးပြိုလဲရန် ကြံစည်၍ ဘုရားဆိုင်ရာ သြော်ရာအာနာကို နှောက်အယှက်အဟန့်အတားပြုခဲ့သည်။
C. ဧဝသည် လှည့်ဖြားခြင်းခံခဲ့သည်၊ အဘယ်ကြောင့်ဆိုတော် သူမသည် အာဒံ၏ ဦးဆောင်ခြင်းအောက်၌ မကျန်ရစ်ခဲ့သောကြောင့်ဖြစ်သည်။ ကျနော်တို့သည် ဘုရားသခင် ခန့်အပ်သောဦးဆောင်သူအောက်၌ မကျန်ရစ်သောအခါ ကျနော်တို့ ကိုယ့်ကိုကိုလှည့်ဖြားခြင်းနှင့် ကျဆင်းခြင်းအတွက် လမ်းဖွင့်ပေးခြင်းဖြစ်သည်။

VI. ဘုရားသခင်၏ သတင်းကောင်းကို ဧဝ၏လက်ခံရရှိခြင်းမှ သင်ခန်းစာများသင်ယူရန်၊
A. မိန်းမ၏ မျိုးစေ့မှ( စာတန်၏ဦးခေါင်းအပေါ် ကြိတ်မဲ့သူတစ်ယောက်နှင့်ပတ်သက်၍) ဘုရားသခင်ပြောသောစကားကို သူမယုံကြည်ခဲ့သည်။
1. ဧဝနှင့်အာဒံ ပြစ်မှားခဲ့ပြီးလျှင်၊ သူတို့သည် ဘုရားသခင်၏မျက်မှောက်တော်မှ ပုန်းခဲ့ကြသည်။ သို့သော်ဘုရားသခင်သည် သူတို့ကို ရှာဖွယ်ရန် ကြွလာ၍ မြွေ၏ ဦးခေါင်းကို မိန်းမ၏မျိုးစေ့မှ ကြိတ်ခြင်းခံရန်ကတိပေးခဲ့သည်။( က၃:၁၅)

2. အာဒံသည် ဤအသံကြား၍ သူ၏ဇနီးကို ဧဝဟုခေါ် ခဲ့သည်၊ ဧဝအဓိပ္ပယ်မှာ (
အသက်ရှင်ခြင်း)ဘုရားသခင်၏သတင်းကောင်းကို
သူယုံကြည်၍လက်ခံခဲ့ကြောင်းကိုဖော်ပြခြင်းဖြစ်သည်။(Gen3:30 and ft1
3. ဧဝသည် ပဋိသန္ဓေစွဲယူ၍ ကာနမွေးဖွားသောအခါ၊ ယေဟောဝါလူကို ငါရပြီဟု သူမပြောခဲ့သည်။ ကာနသည် ကတိပြုသော မိန်းမ၏ မျိုးစေ့ဟုသူမထင်ခဲ့သည်၊ က၃:၁၅၌ ဘုရားသခင်၏ကတိပြုချက်ကို သူမလည်းယုံကြည်ကြောင်းရည်ညွှန်းခြင်းဖြစ်သည်။(က၃:၁၅
4. မိန်းမ၏မျိုးစေ့သည် လူသားအဖြစ်ခံယူသောခရစ်တော်ဖြစ်သည်၊ ကျဆင်းသောသူများ၏ ကယ်တင်ရှင်အဖြစ် မိန်းမမှ မွေးဖွားသောသူဖြစ်သည်။
5. ခရစ်တော်သည် သူ့၏လက်ဝါးကားတိုင်အပေါ်အသေခံခြင်းဖြင့် ရှေးမြွေဟောင်း၏ဦးခေါင်းကို ကြိတ်ခဲ့၍ နတ်ဆိုးကိုဖျက်စီးခဲ့သည်။
B. ဘုရားသခင်က သားရေဖြင့်ဝတ်လုံကိုလုပ်၍ ဝတ်ခြုံစေတော်မူ၏။
1. သူတို့အပြစ်လုပ်ခဲ့ပြီးလျှင်၊ ကျဆင်းသူများသည် သူတို့၏ အပြစ်နှင့်အရှက်များကိုသတိရှိလာခဲ့သည်။
2. မိမိတို့ဝတ်ဖို့ ရန် သင်္ဘောသဖန်းပင် အရွက်တို့ကို ချုပ်စပ်၍ ခါးစည်းကို လုပ်ကြ၏။
3. သို့သော် ဘုရားသခင်က သားရေဖြင့်ဝတ်လုံကိုလုပ်၍ ဝတ်ခြုံစေတော်မူ၏၊ အပြစ်သားများအတွက်ခရစ်တော်၏လက်ဝါးကားတိုင်အသေခံခြင်းနှင့် ကျွန်ုပ်တို့၏ဖြောင့်ခြင်းအတွက် ဘုရားသခင်၏သိုးသငယ်ကဲ့သို့အစားထိုးခြင်းပုံဆောင်ခြင်းဖြစ်သည်။(Gen3:21and ft1)
VII. ဧဝ၏ အဖော်အဖက်ကဲ့သို့ဖြစ်ခြင်းမှ သင်ခန်းစာများသင်ယူရန်၊
A. အာဒံ၏အဖော်အဖက်အတွက် သူ၏အရည်ချင်းနှင့်ကိုက်ညီသောသူတစ်ယောက်မှမရှိသေးသောကြောင့် ဘုရားသခင်သည် အာဒံကိုအိပ်စေ၍ သူ၏နံဘေးဖွင့်ဟ၍ ဧဝကိုထွက်ပေါ်စေခဲ့သည်။
B. အာဒံမှဤကဲ့သို့ကြေညာခဲ့သည်၊ ဧဝသည် (ကျနော့်၏အရိုးများထဲကအရိုနှင့် အသားထဲကအသား။ )ဧဝသည် အာဒံထဲကထွက်ပေါ်လာခြင်းသည်
အသင်းတော်သည်ခရစ်တော်အထဲမှထွက်ပေါ်လာခြင်းကိုပုံဆောင်ခြင်းဖြစ်သည်။
C. ဧဝသည် အာဒံ၏ သဘောသဘာဝ၊ အသက်၊ စရိုက်နှင့်ထပ်တူခဲ့သည်။ ထိုနည်းတူစွာဘဲ အသင်းတော်သည် ခရစ်တော်၏ သဘောသဘာဝ၊ အသက်၊ စရိုက်နှင့်ထပ်တူဖြစ်ခဲ့သည်။
D. ဧဝကိုတည်ဆောက်ခဲ့ပြီးမှ အာဒံ၌မှီဝဲ၍ တစ်သားတစ်ကိုယ်တည်းဖြစ်ဖို့ရန် ဘုရားသခင်က ဧဝကိုအာဒံထံသို့ယူဆောင်လာခဲ့သည်။ထိုနည်းတူစွာ
အသင်းတော်သည်ခရစ်တော်၌မှီဝဲ၍ဝိညည်၌တစ်လုံးတဝဖြစ်၍ ပြီးနောက်ခရစ်တော်နဲ့တစ်လုံးတစ်ဝဖြစ်လာ၍ သူ့ကိုလုံးလုံးကိုက်ညီမှုရှိရန်ဖြစ်သည်။
E. ဘုရားသခင်သည် သူ့ရွေးချယ်ခံသောလူများကို ချစ်ချင်းမေတ္တာ၌ ခင်ပွန်းအဖြင့် သူ့ကိုကျေနပ်အားရစေလိုကြောင်း ကျမ်းစာ၌ဖော်ပြထားသည်။
ကိုးကားချက်များ၊ ကဗ္ဘာဦးကျမ်း အသက်စာစောင်လေ့လာခြင်း၊ သမ္မာတရား၏အသက်သင်ခန်းစာများ level one, vol.1နှင့် level three, vol. 1